The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily



၂၀၂၄ ခုနှစ်မှာ အတူ “ကောင်း”ကြမယ်

# နွားနို့တစ်ပုလင်းထဲက “Zero Carbon”လျှို့ဝှက်ချက်

ယခုအပတ်မှစတင်ပြီး ကျွန်ုပ်တို့သည် ၂၀၂၄ ခုနှစ်မှာအတူ “ကောင်း”ကြမယ်ဆိုသည့် ကဏ္ဍကို တင်ဆက်သွားမည်ဖြစ်ပြီး ယူနန်ပြည်နယ် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံတကာဒေသတွင်းပြန်ကြားရေးစင်တာမှ မြန်မာနိုင်ငံသား နိုင်ငံရပ်ခြားပြန်ကြားရေးပညာရှင် ဒေါက်တာထိုက်လွင်ကိုနှင့်အတူ မတူညီသောကုန်ထုတ်လုပ်ငန်းများ၏ ရှေ့တန်းနေရာသို့ သွားရောက်ကာ ဤကုန်ထုတ်လုပ်ငန်းများ၏“ကောင်းခြင်း”သည် မည်သည့်နေရာတွင် ရှိသနည်း၊ “အသစ်”များသည် မည်သည့်နေရာတွင် ရှိသနည်းကို သွားရောက်ကြည့်ရှုလေ့လာကြပါမည်။

## “အမှိုက်ပုံးထဲမှာ ပုံပြင်တွေ ရှိနေတယ်”

မတ်လ ၁ ရက်နေ့ မနက်ပိုင်းတွင် ဒေါက်တာထိုက်လွင်ကိုသည် ကူမင်းမြို့ ဇုန်းမင်ခရိုင် ရန်လင်စီးပွားရေးနည်းပညာဖွံ့ဖြိုးတိုးတက်မှုဇုန်မှ ယူနန်ပြည်နယ် Yili စက်ရုံသို့ သွားလာရောက်ခဲ့ပါသည်။ “တရုတ်လုပ်ဖော်ကိုင်ဖက်တွေက ကျွန်တော့်ကို ပြောပြတယ်၊ ဒီနေရာက နွားနို့က ‘Zero Carbon နွားနို့’တွေတဲ့။ ‘Zero Carbon စက်ရုံ’ နဲ့ တခြားစက်ရုံတွေ ဘယ်လိုကွာခြားသလဲဆိုတာ ကျွန်တော်လည်း သိချင်ပါတယ်”ဟု ဒေါက်တာထိုက်လွင်ကိုမှ သိချင်စိတ်ဖြင့် မေးခွန်းများ မေးမြန်းသဖြင့် စက်ရုံတာဝန်ရှိသူမှ ၎င်းကို အမှိုက်ပုံးတစ်ပုံးအနားသို့ ခေါ်ဆောင်သွားပါသည်။

“ဤအမှိုက်ပုံးသည် Recycle ပြန်လုပ်ထားသော နွားနို့ဘူးများဖြင့် လုပ်ထားသည်”ဆိုသည့် စာတန်းမှ ဤအမှိုက်ပုံး၏ ထူးခြားသောကုန်ကြမ်းလာရာကို ဖွင့်ဟပြသနေပါသည်။ အမှိုက်ပုံးထဲသို့ စွန့်ပစ်ထားသည့် နွားနို့ဘူးတစ်ထောင်ကျော်ကို ပြန်လည် Recyclye လုပ်ပြီးနောက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုရှိသော အမှိုက်ပုံးအသစ်တစ်ခု ဖြစ်လာခဲ့ပြီး ၎င်းတို့ကို ယူနန်ပြည်နယ် Yili စက်ရုံထဲတွင် နေရာအနှံ့အပြား၌ တွေ့မြင်နိုင်ပါသည်။

စက်ရုံဧရိယာ၏ အမိုးများ၊ ကားရပ်နားနေရာ အမိုးများတွင် ဆိုလာပြားများ တပ်ဆင်ထားကာ နေရောင်ခြည်အောက်တွင် အလင်းများ တောက်ပနေပါသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု လျှော့ချရန်အတွက် အဆက်မပြတ် ပြုပြင်နေသည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်ပေါင်းဖိုများ၊ အပူဓာတ်အရင်းအမြစ် ပံ့ပိုးပေးသည့် ရေပူပန့်များသည် စက်ရုံ၏ အစိမ်းရောင်ထုတ်လုပ်ရေးအပေါ် လိုက်စားမှုကို ပြသနေပါသည်။ သေချာသပ်ရပ်စွာ ပြုပြင်ထားသည့် ရေဆိုးသန့်စင်ရေးစနစ်သည် ဤနေရာမှ စွန့်ပစ်လိုက်သည့် ရေဆိုးများအား ငါးမွေးမြူနိုင်သည့် အဆင့်အထိ သန့်စင်ပေးနိုင်ပါသည်၊ နွားနို့စက်ရုံသို့ တင်သွင်းသည့် စက္ကူဘူးအရောင်း ကိုယ်စားလှယ်များ၊ နွားနို့သောက်ပိုက်စက်ရုံများသည်လည်း ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှု လျှော့ချနိုင်၍ ကုန်ထုတ်လုပ်မှု ကွင်းဆက်အတွင်းသို့ အကောင်းဆုံးဝင်နိုင်ရန် ကြိုးစားဆောင်ရွက်နေပါသည်။ “Zero Carbon လျှို့ဝှက်သေတ္တာ”ကို ဤနေရာတွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

အသီးသီးသော အလုပ်ရုံနှင့် ကုန်ထုတ်လိုင်းတွင် နွားနို့ကို မမြင်ရရုံသာမက လူကိုလည်း မတွေ့ရပါ။ အလုပ်ရုံထဲမှ ကုန်ထုတ်လိုင်း ၉ လိုင်းပေါ်တွင် စက်များသည် စည်းစနစ်ကျနစွာ၊ လျင်မြန်စွာ လုပ်ဆောင်နေကြပါသည်။ နွားနို့စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးတွင် နွားနို့တစ်စက်မျှ မတွေ့မြင်ရပါ။ စက်ရုံတာဝန်ရှိသူမှ “ကုန်ထုတ်လုပ်ငန်းတွေအကုန်လုံးက အလုံပိတ်၊ ပိုးသတ်ထားတဲ့ သံလျောင်အိုးကြီးတွေနဲ့ ပိုက်တွေထဲမှာပဲ အပြီးသတ်တာပါ” ဟု မိတ်ဆက်ပြောပြပါသည်။

စီမံမှုမပြုလုပ်မီ၊ ဘူးထည့်၊ ပို့ဆောင်၊ ပိုက်ကပ်၊ ဘူးထည့်၊ ပါကင်ပိတ်၊ ဂိုဒေါင်ထုတ် စသည့်အဆင့်များဖြင့် နွားနို့ဘူးများသည် စဉ်ဆက်မပြတ်သော အမြန်နှုန်းဖြင့် ဖြစ်ပေါ်လာပါသည်။ အဓိကကျသော အပိုင်းအချို့တွင်သာ ပိုးသတ်ဝတ်စုံများ ဝတ်ဆင်ထားသည့် လုပ်သားသုံးလေးဦးသည် ထုတ်လုပ်မှုကို စောင့်ကြည့်နေပါသည်။ စက်ရုံတာဝန်ရှိသူက ထုပ်ပိုးအလုပ်ရုံအတွင်း စက်ရုံလက်များ တပ်ဆင်ထားပြီး စက်ရုပ်လက်တစ်ခုသည် လျင်မြန်စွာ ထုတ်လုပ်နေသည့် ထုတ်လုပ်ရေးလိုင်းနှစ်ခု၏ ဘူးထည့်မှုကို ပြုလုပ်နိုင်ကြောင်း ဒေါက်တာထိုက်လွင်ကိုအား ပြောပြပါသည်။ အလိုအလျောက်စနစ်၊ စမတ်စနစ်များသည် ကုန်ထုတ်စွမ်းအားကို လွန်စွာမြှင့်တင်ပေးခဲ့နိုင်ပြီး စွမ်းအင်လေလွင့်မှုများကို နည်းပါးစေသည့်အပြင် “Zero Carbon” အတွက်လည်း အာမခံမှုများ ပေးနိုင်ခဲ့ပါသည်။

Yili၏ စက်ရုံထဲတွင်ဒေါက်တာထိုက်လွင်ကိုသည် နွားနို့ဘူးတစ်ဘူး၏“Zero Carbon” လျှို့ဝှက်ချက်ကို ရှာတွေ့ခဲ့ပါသည်။ ၎င်းမှာ ဖန်တီးတီထွင်ခြင်းဖြစ်ပါသည်။



## “နွားတင်းကုပ်ကလည်း မဆိုးဘူးဘဲ”

နွားနို့လုပ်ငန်း ကုန်ထုတ်ကွင်းဆက်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းစသည့် လုပ်ငန်းသုံးခုကို ပေါင်းစပ်ထားပါသည်။ ဤကဲ့သို့ ရှည်လျားသော ကုန်ထုတ်ကွင်းဆက်တွင် “Zero Carbon”၊ “Low-carbon”၊ “Carbon Neutralization”တို့ကို ထိန်းသိမ်းဆောင်ရွက်ရန်မှာ ကြီးမားသော ပညာရပ်ဆိုင်ရာ လုပ်ငန်းစဉ်ကြီးဖြစ်ပါသည်။ မနက်ခင်း၏ စက်ရုံလေ့လာကြည့်ရှုရေး ပြီးဆုံးပြီးနောက် ဒေါက်တာထိုက်လွင်ကို၏ ရင်ထဲတွင် သိလိုစိတ်များ ပိုမိုများပြားလာသဖြင့် နွားနို့ထွက်ရာနေရာသို့ သွားရောက်ကြည့်ရှုရန် ဆုံးဖြတ်ခဲ့ပါသည်။

“နွားက ‘လေလည်သူကြီး’ ဆိုသည့်အမည်ကို မည်သို့ရှောင်ရှားနိုင်မည်နည်း”၊“နွားကို အစားကောင်းကျွေးနိုင်ဖို့ သူ့ရဲ့အစာကို သေချာကျွေးမွေးဖို့ လိုမယ်။” မတ်လ ၁ ရက်နေ့ ညနေပိုင်းတွင် ဒေါက်တာထိုက်လွင်ကိုသည် Yili လုပ်ငန်းစုလက်အောက်ရှိ Youran မွေးမြူရေးလုပ်ငန်း ယူနန်ပြည်နယ် ရှင်တျန့်မွေးမြူရေးခြံသို့ ရောက်ရှိလာခဲ့ပါသည်။ မွေးမြူရေးခြံသို့ ရောက်ရှိသည်နှင့် မွေးမြူရေးခြံတာဝန်ရှိသူသည် နွားများ၏“စားသောက်ဆောင်” သို့ လေ့လာကြည့်ရှုရန် ၎င်းကို ခေါ်သွားပါသည်။

နေရောင်ခြည်သည် အစီအရီဆောက်လုပ်ထားသည့် ရှည်လျားလှသည့် နွားတင်းကုပ်များပေါ်သို့ ကျဆင်းနေပါသည်။ ထောင်နှင့်ချီသော နို့စားနွားများသည် ကျယ်ပြန့်၍ အလင်းရောင်ကောင်းသော ပတ်ဝန်းကျင်တွင် အေးဆေးသက်သာစွာ အစာစားနေကြပါသည်။ ကြည့်ရသည်မှာ သာမန်ဟု ထင်ရသည့် နွားစာများ၏ ရောစပ်မှုမှာ လွန်စွာ ပညာသားပါပါသည်။ လူဆန်ပဲပင်၊ တွင်းလျှောင်မြက်၊ အထူးနွားစာ၊ ဆိတ်စားမြက်၊ နိုင်ငံခြားဖြစ်မြင်းစားဂျုံဆားနှင့် အချို့သောသက်ရှိတို့ရှင်သန်မှုအတွက် စဉ်းငယ်မျှ မရှိမဖြစ်လိုအပ်သော ဓာတုပစ္စည်းများ ပါဝင်ပါသည်။ Rumen Protected Techniques ဖြင့် ထုတ်လုပ်ထားသည့် Low-carbon နွားစာများသည် နို့စားနွားစာများ၏ စုပ်ယူနှုန်းမြင့်မားလာစေသည့်အပြင် နို့စားနွားများ၏ အူလမ်းကြောင်းအတွင်း မီသိန်းထုတ်လွှတ်မှုကိုလည်း လျှော့ချပေးပါသည်။ နွားများ“ထုတ်လွှတ်မှု” နည်းပါးလာသည်နှင့် ကာဗွန်ထုတ်လွှတ်မှုသည်လည်း ကျဆင်းလာပါသည်၊ သိပ္ပံပညာနည်းကျ မျိုးကောင်းများဖြင့် ထပ်မံပေါင်းစပ်လိုက်ခြင်းဖြင့် ဤနို့စားနွားများ၏ နောက်မျိုးဆက်များသည် “Low-carbon”ဗီဇများ ပါဝင်နေမည် ဖြစ်ပါသည်။

“အာဟာရစားသောက်ဆောင်” အပြင် နို့စားနွားများ၏ “အိမ်”သည်လည်း ဒေါက်တာထိုက်လွင်ကို၏ သိလိုစိတ်ကို ဖြစ်ပေါ်လာစေပါသည်၊ နို့စားနွားများသည် နွားတင်းကုပ်ထဲတွင် ပျော်ရွှင်စွာ “လမ်းလျှောက်” နိုင်ပါသည်၊ သက်သောင့်သက်သာရှိသော အထူးပြုလုပ်ထားသည့် “အိပ်ရာ” တွင် နေ့လယ်ခင်း တစ်ရေးတစ်မော အိပ်နိုင်ပါသည်။ အားကစားဧရိယာတွင် ကိုယ်လက်လှုပ်ရှားနိုင်ပါသည်။ “နွားတင်းကုပ်ကလည်း မဆိုးဘူးဘဲ” ဟု ဒေါက်တာထိုက်လွင်ကိုမှ မှတ်ချက်ချခဲ့ပါသည်။

ရှင်တျန့်မှ မွေးမြူရေးခြံတွင် လေ့လာမှုများ ပြီးဆုံးချိန်၌ မျက်စိတစ်ဆုံးမြင်နေရသည့် တောင်တန်းများပေါ်တွင် ရွှေဝါရောင်ဆည်းဆာနေရောင်ဖြင့် အနားသတ်ထားပြီး နို့စားနွားများပေါ်သို့လည်း နွေးထွေးစွာ ဖြာကျနေပါသည်၊ ဤသည်မှာ နွားတို့၏ သာယာလှပသော ဘဝနေထိုင်မှုဖြစ်ပြီး လူသားတို့၏ သာယာလှပသော ဘဝနေထိုင်မှုဖြင့်လည်း သက်ဆိုင်နေပါသည်။

သတင်းထောက်။ ။ ဟန်ချိန်ယွမ်၊ ဟွမ်ယိရှန်၊ ကျန်းရှော့ကူ၊ လီဝင်ကျွင်း